**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

နိုဝင်ဘာလ ၂၀၁၇

**“သင်တို့တွင်အကြီးမြတ်ဆုံးသောသူသည်သင်တို့၏အစေခံဖြစ်ရလိမ့်မည်။” (မာတေဦး၂၃း၁၁)**

သခင်ယေရှုးက သူ့နောက်သို့လိုက်သောလူအုပ်ကြီးအားပြောကြားလိုက်ခြင်းဖြစ်ပြီး သူ၏နောက်လိုက်တမန်တော်ဖြစ်ချင်သူတို့သည် ပုံမှန်တွေးခေါ်မှုပုံစံမျိုးနှင့်သွေဖီလျက် “ရေစီးကြောင်းကိုဆန့်ကျင်ရသည့်” အသက်တာလမ်းစဉ်သစ်ကိုကျင့်ကြံနေထိုင်ရမည့်အကြောင်း ပြောနေပါသည်။ သူ့အချိန်ကာလက (ယခုလည်းအကြုံးဝင်သည်) ကြီးကျယ်သောလူ့ကျင့်ဝတ်အသုံးအနှုန်းများဖြင့် အလွယ်တကူပြောဆိုကြသော်လည်း တကယ်တမ်းကျင့်ကြံလိုက်လျှောက်မှုမရှိခြင်း၊ လူ့ဘောင်အသိုင်းအဝိုင်းအတွင်း နေရာရဖို့ရှာဖွေကြခြင်း၊ မိမိကိုယ်ကျိုးအတွက်တစ်ပါးသူတို့ကိုအသုံးချခြင်း သို့မဟုတ်အခွင့်အရေးရှာလိုခြင်းများရှိပါသည်။ သခင်ယေရှုးက သူ၏နောက်လိုက်တပည့်တော်ကြီးများအား အခြားသူများနှင့်ဆက်နွယ်ပတ်သက်ရသည့်အခါ သူကိုယ်တိုင်ပြခဲ့သည့်အတိုင်း ဖော်ပြခဲ့သည့်ပုံစံနှင့်လုံးဝကွဲပြားသည့် ကြောင်းကျိုးဆင်ခြင်မှုမျိုးရှိကြဖို့ တောင်းဆိုထားပါသည်။

**“သင်တို့တွင်အကြီးမြတ်ဆုံးသောသူသည်သင်တို့၏အစေခံဖြစ်ရလိမ့်မည်။”**

သမ္မာကျမ်းစာတော်မြတ်အတိုင်း အသက်ရှင်လိုက်လျှောက်လိုသည့် လူပရိသတ်ကြီးနှင့်တွေ့ဆုံရာဝယ် ကယားရာလူးဘစ်က သူမ၏ဝိညာဉ်ရေးဆိုင်ရာအတွေ့အကြုံကို ဝေမျှခဲ့ပါသည်။ “ကျွန်မတို့အနေနဲ့ သားသမီးများစွာတို့၏ဖခင်တစ်ဦးတည်းထံမှာ တစ်စိုက်မတ်မတ်အာရုံပြုရပါမယ်။ နောက်ပြီး လူတိုင်းသည်လည်း ထိုဖခင်တစ်ဦးတည်း၏ သားသမီးများဖြစ်တယ်လို့ခံယူရပါမယ်။ သခင်ယေရှုးသည် ကျွန်ုပ်တို့၏စံပြပုဂ္ဂိုလ်ဖြစ်ပြီး အဆုံးမှာ တစ်ခုတည်းဖြစ်သည့်အကြောင်းအချက် ၂ ရပ်ကိုသွန်သင်ခဲ့ပါတယ်။ တစ်ခုက ဖခင်တစ်ဦးတည်း၏သားသမီးများဖြစ်ဖို့၊ နောက်ထပ်တစ်ခုကတစ်ဦးနှင့်တစ်ဦး ညီအစ်ကိုမောင်နှမများဖြစ်ကြဖို့၊ ဘုရားသခင်ကကျွန်ုပ်တို့အား တစ်လောကလုံးနှင့်သက်ဆိုင်သောညီရင်းအစ်ကိုမောင်နှမများအဖြစ်ခံယူဖို့ တောင်းဆိုနေပါတယ်။” ဤဆန်းသစ်သောအရာသည်ကား သခင်ယေရှုး ပြခဲ့သည့်အတိုင်း လူတိုင်းကိုချစ်ခြင်းမေတ္တာပြရန်ဖြစ်ပါသည်။ အကြောင်းမှာ သင်တို့ကျွန်ုပ်တို့အပါအဝင် ကမ္ဘာမြေပေါ်ရှိလူသားတိုင်းသည် ဘုရားသခင်၏သားသမီးများဖြစ်ကြ၍ အမြဲတမ်းအချစ်ခံရသကဲ့သို့ ကိုယ်တော်ရှင်ကလည်း ထိုနည်းတူပြုစေလိုပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့နေ့စဉ်နေ့တိုင်း ဆုံတွေ့ရသမျှသော လူတစ်ဦးချင်းစီအပါအဝင် ကိုယ်စွမ်းရှိသမျှ ချစ်ခြင်းမေတ္တာအပြည့်အဝထားရမည့်သူများကို သိမြင်ကြရပေသည်။ ဆိုလိုသည်မှာ ကျွန်ုပ်၏ဖခင်၊ ယောက္ခမ၊ အငယ်ဆုံးမောင်နှမနှင့် အဆိုးဆုံးသားသမီး စသည်ဖြင့်လည်းပါဝင်ပါသည်။ ထို့အတူ အကျဉ်းကျနေသူ၊ လမ်းပေါ်မှသူတောင်းစား၊ ကိုယ်လက်မသန်စွမ်းသူ၊ မိမိ၏အထက်လူကြီး သို့မဟုတ် လုပ်ငန်းခွင်မှသန့်ရှင်းရေးသမား တို့လည်းပါသည်။ အလားတူပင် နိုင်ငံရေးပါတီမှမိမိ၏လုပ်ဘော်ဆောင်ဘက်များ၊ မိမိနှင့်နိုင်ငံရေးအယူအဆချင်း မတူသောသူများ၊ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှုနှင့် တိုင်းတစ်ပါးသားများလည်းပါဝင်သည်။ ခရစ်ယာန်စိတ်နေသဘောထား၏ သွင်ပြင်လက္ခဏာမှာ ညီအစ်ကိုမောင်နှမတစ်ဦးချင်းစီအတွက် ကူညီပေးဆက်ဖို့ဖြစ်သည်။

**‘‘သင်တို့တွင် အကြီးမြတ်ဆုံးသောသူသည် သင်တို့၏ အစေခံဖြစ်ရလိမ့်မည်။’’**

ကယားရာကဆက်လက်ပြီး ‘‘လူတိုင်းအတွက်ပေးဆက်အစေခံဖို့ မိမိကိုယ်ကိုအပ်နှံပြင်ဆင်ထားခြင်းဖြင့် သမ္မာကျမ်းစာတော်မြတ်၏သွန်သင်ချက်အတိုင်း ကြိုးစားကျင့်ကြံနေထိုင်ဖို့’’ ပြောကြားပါသည်။ သို့ဖြင့်လျှင် ပေးဆက်အစေခံဖို့အကောင်းဆုံးနည်းလမ်းကားအဘယ်နည်း။ ကျွန်ုပ်တို့ဆုံတွေ့သမျှလူတိုင်းနှင့်အတူ ၄င်းတို့ခံစားရသည့်ခံစားချက်ကို ထပ်တူမျှဝေခံစားခြင်းဖြင့် သူတို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေခြင်း၊ သူတို့ရင်ဆိုင်ရသောပြဿနာများကို ကိုယ်ပိုင်အလားသတ်မှတ်ပြီး ကူညီပေးခြင်း၊ ချစ်ခြင်းမေတ္တာအားဖြင့် ကိုယ့်အရေးကဲ့သို့ခံယူခြင်း၊ မိမိအတွက်သာစဉ်းစားသက်ရှင်ခြင်းမပြုတော့ဘဲ အခြားသူများ၏ဝန်ထုတ်ဝန်ပိုးများကို ရှာဖွေခံထမ်းခြင်းဖြင့် ဝမ်းမြောက်ခြင်းကို မျှဝေခံစားကြရမည်။’’

ကျွန်ုပ်တို့၏ကျွမ်းကျင်မှုများနှင့် အားသာချက်များတစ်ခုချင်းစီအား ပျောက်ပျက်သွားခြင်းမရှိသော ပေးဆက်ကူညီရန်အခွင့်အရေးအဖြစ် အားရဂုဏ်ယူသင့်ပေသည်။ လုပ်ငန်းခွင်မှအတွေ့အကြုံ၊ ကျွန်ုပ်တို့၏ အနုပညာကျွမ်းကျင်မှု၊ ကိုယ်ကိုယ်တိုင်ရယ်မောခြင်းနှင့် အခြားသူများအားလည်း ပျော်ရွှင်ရယ်မောအောင်ပြုလုပ်ခြင်း၊ အခက်အခဲရင်ဆိုင်ရလျက် ဘာလုပ်ရမှန်းမသိဖြစ်နေသူတစ်ယောက်အား အချိန်ပေးနားထောင်ပေးခြင်း၊ ခန္ဓာကိုယ်ကအားနည်းချိန်တွင် ပင်ဆုတောင်းနိုင်စွမ်းသော တက်ကြွလန်းဆန်းသည့်စွမ်းအင်တို့လည်းပါဝင်သည်။

**‘‘သင်တို့တွင် အကြီးမြတ်ဆုံးသောသူသည် သင်တို့၏ အစေခံဖြစ်ရလိမ့်မည်။’’**

အနေးနှင့်အမြန်ဆိုသလို ကိုယ်ကျိုးမဖက်သောသမ္မာကျမ်းစာလာ ထိုချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ညီအစ်ကိုမောင်နှမများ၏နှလုံးသားတွင်လည်း တူညီသောတောင့်တမှုကိုမျှဝေခံစားရင်း မိသားစုအတွင်း၊ သာသနာနယ်အတွင်း၊ အလုပ်ခွင်အတွင်း၊ ကျွန်ုပ်တို့နားနေအပမ်းဖြေရာနေရာစသည်ဖြင့် မိမိတို့ရှိရာနေရာတိုင်းတွင် ဆက်ဆံရေးများကိုပြန်လည်ဆန်းသစ်လျက် လူမှုအသိုင်းအဝိုင်းသစ်အတွက်အခြေခံအုတ်မြစ်ကို ချပေးကြရပါမည်။

**ဟာမက်** ဆိုသော အရှေ့အလယ်ပိုင်းမှလူငယ်လေးတစ်ဦး၏အတွေ့အကြုံဝေမျှချက်ကို ဖေါ်ပြလိုပါသည်။ ‘‘တနင်္ဂနွေနေ့တစ်ရက်တွင် အိပ်ယာမှနိုးနိုးချင်း အိုသခင်ယေရှု၊ တစ်နေ့တာလုံးချစ်ခြင်းမေတ္တာထားနိုင်ရန် ကျွန်ုပ်အားကူမတော်မူပါဟု ဆုတောင်းခဲ့ပါသည်။ ကျွန်တော့်မိဘများမှာ ဘုရားကျောင်းသို့သွားလိုက်ကြပြီဖြစ်ကြောင်းသတိပြုမိလိုက်သောအခါ အိမ်သန့်ရှင်းရေးလုပ်ဖို့ ကျွန်တော်အခွင့်အရေး ပေါ်လာခဲ့ပါတော့သည်။ ကျွန်တော်လည်း အရာရာကိုအတတ်နိုင်ဆုံးလုပ်ဆောင်ခဲ့ပြီး စားပွဲပေါ်တွင်လည်း ပန်းအိုးထိုးထားလိုက်သည်။ ထို့နောက်နံနက်စာကိုပြင်ဆင်ပြီး စားပွဲပေါ်တွင် နေရာချထားလိုက်သည်။ သူတို့ပြန်လာသောအခါ အားလုံးပြင်ဆင်ထားပြီးဖြစ်နေသည်ကိုတွေ့ရသောအခါ အံ့သြဝမ်းသာဖြစ်သွားပါတော့သည်။ တနင်္ဂနွေနေ့နံနက်စာအတူသုံးဆောင်မှုမှာ ဝမ်းသာပီတိဖြင့်လွှမ်းခဲ့ရပါတော့သည်။ ကျွန်တော်တို့လည်း အကြောင်းအရာများစွာကိုပြောဆိုခဲ့ကြပြီးနောက် ထိုတစ်ပတ်တာအတွင်းက ကျွန်တော်ရရှိခဲ့သောအတွေ့အကြုံများကိုလည်း မျှဝေနိုင်ခဲ့ပါသည်။ သေးငယ်သောချစ်ခြင်းမေတ္တာပြသည့် အပြုအမူလေးပင်ဖြစ်လင့်ကစား တစ်နေ့တာအတွက် ထူးခြားလှပမှုကိုခြယ်မှုန်းနိုင်ခဲ့ပါသည်။’’

*Letizia Magri*